သူတို့ရဲ့သမိုင်းလမ်းကြောင်းအတွင်း ကကတ်တလန်ပြည်သူတွေဟာ စုပေါင်းအင်အားပြလိုအပ်မှုတွေနဲ့သူတို့ ပြည်နယ်ရဲ့ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ပိုမိုတိုးမြှင့်လွတ်လပ်လာအောင်ရည်ရွယ်ချက်တွေနဲ့ အများသူငါတွေလို တန်းတူအခွင့်အရေး ၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ သူတို့ရဲ့ကိုယ်ပိုင်အမှတ်သင်္ကေတ ပြန်လည်မြှင့်တင်နိုင်ရေးတွေကို ရည်ရွယ်ကာ ဒီမိုကရေစီနည်းကျကျ ဆန္ဒပြပွဲများ ပြုလုပ်ခဲ့ကြပါတယ်။

ကတ်တလန် မူဟောင်းအဖွဲ့အစည်းမှာ သူတို့ ရဲ့ သမိုင်းက အခွင်းအရေးမှုနဲ့ တရားဝင်ရိုးရာယဉ်ကျေးမှု ထုတ်ဆောင်ရေးဆိုတဲ့ မူအခွင့်အရေးတွေကိုရဖို့ ကတလိုနီးယား ကိုယ်ပိုင်အစိုးရကို တည်ထောင်ခဲ့ပါတယ်။ ကက်တလန် ပါလီမန် မူအရ ရာစုနှစ်လယ်လောက် ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွေမှာ အပစ်အခတ်ရပ်စဲရန်နဲ့ အများတူညီလာခံဖော်ဆောင်နိုင်ရေး တွေကို အဓိကအုတ်မြစ်အဖြစ် လုပ်ဆောင်ခဲ့ကြပါတယ်။

14 ရာစုနှစ်မှာ Diputacio General, ( Generalitat လို့ လူသိများခဲ့တဲ့) ကို ဖွဲ့စည်းခဲ့ပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသည်အထိ ရုန်းကန်ခဲ့ကြပြီးတော့ ၁၆ နဲ့ ၁၇ ရာစုနှစ်လောက်မှာ အခြေခံကျတဲ့ ကတ်တလန်အစိုးရတခုဖြစ်လာခဲ့ပါတယ်။ ၁၉၇၄သို့ ရောက်လာတဲ့ဘာစီလိုနာဟာ ဖီလစ်ဗီ ဦးဆောင်တဲ့ စပိန်စစ်ပွဲအတွင်း ကတ်တလန် လူ့အခွင့်အရေးနဲ့ သူတို့ရဲ့ကိုယ်ပိုင် အစိုးရအဖွဲ့အစည်းဟာ ရပ်တန်သွားစေခဲ့ပါတယ်။

ဒီသမိုင်း အတွေ့အကြုံတွေကို နယ်မြေဒေသတော်တော်များများမှ ယဉ်ကျေးမှု၊ လူ့အဖွဲ့အစည်း၊ စီးပွားရေးနောက်ခံ၊ အချင်းချင်း အပြန်အလှန်အသိမှတ်ပြုခြင်း ကိုးတိုးမြှင့်တဲ့အနေနဲ့ ပိုမိုတောင့်တင်းခိုင်မာလာရန်ရည်ရွယ်ချက်ဆက်နွယ်နေတဲ့ အချက်တွေကို ပြည်နယ်တောတော်များများကို ဖြန့်ဝေခဲ့ကြပါတယ်..

၂၀ ရာစုနှစ်များမှာ ကက်တလန်ကိုယ်ပိုင်အစိုးရဟာ အပူတပြင်း သူတို့ လိုအပ်ချက်တွေကို ကြိုးစားလုပ်ဆောင်ခဲ့ပါတယ်။ ၁၉၁၄ ခုနှစ်ကက်တလန်လူမျိုးများကြား ဆက်အခြေပြုဆက်သွယ်ရေးမဏ္ဍိုင်ကို အစိုးရပြန်လည်ထူထောင်နိုင်အောင် ပထမဆုံးခြေလမ်းအဖြစ်စတင်ခဲ့ပါတယ်။ ဒါပေမယ့် အရာအားလုံးဟာ အာဏာရှင် ပရီမို ရီဗယ်ရာ ရဲ့အောက်မှာ ဖျက်ဆီးခံခဲ့ရပါတယ်။ 1931 ခုနှစ်မှာ စပိန်ရီဘာဗလစ် အစိုးရက ကတလန်အစိုးရကို Gemeralitat of Cataloniaဆိုတဲ့နာမည်နဲ့ ပြည်နယ်ကို ကိုယ်ပိုင် အုပ်ချုပ်ခွင့်ဒေသအဖြစ် ထူထောင်ဖို့ ကြေညာထုတ်ပြန်ခဲ့ပါတယ်။

Generalitat ကို ၁၉၃၉ ခုနှစ် အာဏာရှင် ဖရန်ကိုတက်လာတဲ့အချိန်မှာ ထပ်မံဖျက်ဆီးခံရပြီး ၊ အဖျက်ဆီးခံကာလ ၁၉ ၇၅ ခုစ်နှစ်အချိန်အထိ အတောအတွင်း ကက်တလန်ပြည်သူနဲ့ကတ်တလန်အစိုးရဟာ အာဏာရှင်ကိုတော်လှန်ရေးတွေ အင်တိုက်အားတိုက် တွန်းလှန်ခဲ့ကြပါတယ်။ လွတ်လပ်ရေးတိုက်ပွဲအတွက် တခုတည်းသောမိုင်တိုင် ဟာ ၁၉၇၁ ခုနှစ် ကက်တလန် ညီလာခံ ကို Genearalitat ပြန်လည်မတည်ထောင်မီ ယာယီ အခြေပြုသဘောနဲ့ ၁၉၇၇ ခုနှစ်အထိ ပြည်ပရောက်သမတ မပြန်ခင်ကာလအတွင်း ဖွဲ့စည်းခဲ့ပါတယ်။

ဒီမိုကရေစီ ကူပြောင်းချိန်ကာလအတွင်းနဲ့၊ ၁၉၇၈ခုနှစ် စပိန်အစိုးရဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ဖွဲ့စည်းပုံမူအရ ကတလန် ပြည်ဟာ ၁၉၇၉ ခုနှစ် အထွေထွေပြည်သူ့ ဆန္ဒခံယူပွဲကို ပြုပ်လုပ်နိုင်ခဲ့ပီး၊ ၁၉၈၀ခုနှစ်မှာ ကက်တလန်ပါလီမာန်ရဲ့ ပထမဆုံးရွေးကောက်ပွဲကြီး ကျင်းပနိုင်ခဲ့ပါတယ်။

လွန်ခဲ့တဲ့ နှစ်အနည်းငယ်အတွင်း ဒီမိုကရေစီ အင်အားစုတွေ၊ ကက်တလန် နိုင်ငံရေးသမားတွေ၊ လူမှုကွန်ယက်အဖွဲ့အစည်းတွေဟာ တရားစီရင်ဆုံးဖြတ်ရေးမှုနဲ့ နိုင်ငံရေးတည်ဆောက်ပုံမှုကို ပြောင်းလဲဖို့ တွန်းလှန်ခဲ့ပြီးဖြစ်ပါတယ်။ လောလောဆယ် အကြီးဆုံးလုပ်ဆောင်အားထုတ်မှုတခုကတော့ ၂၀၀၅ခုနှစ် ပါလီမန်က ကတ်တလန်ကို ကိုယ်ပိုင်အုပ်ချုပ်ရေးမူသို့ လုံးလုံးပြောင်းလဲသွားအောင် ကနဦးအစတည်ကာ လုပ်ဆောင်ခဲ့ပါတယ်။ စပိန်အစိုးရပြည်နယ်တွေနဲ့ အထူးသဖြင့် ဗဟိုတရားစီရင်ရေးဌာန ၃၁/၂၀၁၀ အတွက် ကတ်တလန်ပြည်သတွေရဲ့ ဒီမိုကရေစီရေးလှုပ်ရှားမှု၊ ကိုယ်ပိုင်အစိုးရရဲ့ ယနေ့လက်ရှိ သူတို့ ရဲ့ အမျိုးအမျိုးသော ရှုထောင့်မှ ဖြစ်ပေါ်လာတဲ့ နိုင်ငံရေး၊ တရားစီရင်ရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနဲ့ ဘာသာစကားဆိုတဲ့ ရှုထောင်အမျိုးမျိုးမှ ပွင့်လင်းထင်သာစွာ ထုတ်ဖော်ချက်တွေနဲ့ ဖန်တီးမှုတွေဟာ ခလုပ်တခု ဆူးငြောင့်သဖွယ်ဖြစ်နေပါတော့တယ်။

ကက်တလန်ပြည်သူတွေဟာ အမျိုးမျိုးသော အဓိပ္ပါယ်များသက်ရောက်တဲ့ ထုတ်ဆောင်ချက်တွေကိုအသုံးပြုပြီး အဲဒီ စပိန်အစိုးရက ဟန့်တားထားတဲ့ အဟန့်အတားတွေကို ကျော်လွှားနိုင်ဖို့ အကောင်းဆုံးစုစည်းထားတဲ့ တွန်းလှန်မှုတွေကို ထုတ်ဆောင်နေကြပါတယ်။ ၂၀၁၀ ဇူလိုင်၁၀ရက်နေ့က လူထုအုံကြွမှု မှာ "ငါတို့ဟာ နိုင်ငံတခုဖြစ်တယ်" ဆိုတဲ့ကြွေးကြော်သံ၊ ၂၀၁၂ စက်တင်ဘာ ၁၁ရက်နေ့မှာ၊ " ကက်တလိုနီးယားဟာ ယူရိုပီယံ နိုင်ငံသစ်ဖြစ်တယ်" ဆိုတဲ့ ကတ်တလန်ပြည်သူတွေ ဆုံးဖြတ်ချက်တွေကိုတားမြစ်ထားတဲ့အရာတွေကို ဆန့်ကျင်ဖော်ထုတ်ပြသခဲ့ကြပါတယ်။

၂၇ရက်နေ့ စက်တင်ဘာ ၂၀၁၂ခုနှစ်မှာ ရီဆိုလူးရှင်း 742/IXမူအရ ပါလီမန်ကတ်တလိုနီးယားဟာ ကတ်တလန်ပြည်သူတွေ လိုအပ်မှုတွေကို လွတ်လပ်စွာ ဒီမိုကရေနည်းကျကျဆုံးဖြတ်အကောင်ထည်ဖော်ဖို့ သူတို့ရဲ့ အနာဂတ်ကို ရွေးကောက်ပွဲနည်းလမ်းနဲ့ ဖွဲ့စည်းတည်ထောင်ပါတယ်။ ဒီဆန္ဒပြပွဲဟာ၂၅ရက် နိုင်ဝင်ဘာ ၂၅ရက်နေ့က ပြုလုပ်ခဲ့တဲ့ ကတလိုးနီးယား ပါလီမန်ရဲ့ ရွေးကောက်ပွဲရလာဒ်ကို ရှင်းလင်းထင်သာစွာနဲ့ ဆုံးဖြတ်ချက်ခိုင်မာမှုကိုဖော်ပြခဲ့ပါတယ်။ ကတလိုနီးယား ပါလီမန် အစီအစဉ်ကို အကောင်အထည်ဖော်ဖို့ ဆယ်ကြိမ်မြောက် ဥပဒေပြုမှုရဲ့ ပထမ ပိုင်းမှာ ထိုင်ပီးတော့ ပြည်သူ့ဆန္ဒအရ ဒီမိုကရေစီနည်းကျကျ နောက်ဆုံးရွေးကောက်ပွဲအတွင်းမှာ ထုတ်ဖော်ကြေညာသွားမှာဖြစ်ပီး၊ အောက်ပါဖော်ပြချက်အတိုင်းလုပ်ဆောင်သွားမှာဖြစ်ပါတယ်။

## ကတ်တလန်ပြည်သူများရဲ့ဆုံးဖြတ်ချက်အခွင့်အရေးနဲ့ အချုပ်အခြာအဏာအတွက် အတိအလင်း ကြေညာချက်စာတမ်း

ကတ်တလန်ပြသူအများစုရဲ့ ဒီမိုကရေစီလမ်းကြောင်းအတိုင်း ထုတ်ပြန်ချက်အရ ကတလန်ပါလီဟာ သူတို့စီစဉ်ထားတဲ့ပုံစံအတိုင်း ၄င်းတို့ရဲ့ နိုင်ငံရေးဖော်ဆောင်မှုတွေကို ရှေ့ဆက်တိုးမြှင့်လုပ်ဆောင်ရေး အောက်ပါ အခြေခံ မူအချက်တွေကို ဖော်ပြသွား ပါတယ်။

**အချုပ်အခြာအာဏာ**။ ။ တရားဝင်တဲ့ ဒီမိုကရေစီနည်းအတိုင်း ကတ်တလန်ပြည်သူတွေမှာ နိုင်ငံရေးအရ တရားဝင်တဲ့အချုပ်အခြာအာဏာကိုရရှိခြင်း။

တရားဝင်ဒီမိုကရေစီ။ ။ လက်ရှိလုပ်ဆောင်နေတဲ့ လူ့အခွင့်အရေး ဒီမိုကရေလမ်းကြောင်းတွေဟာ မတူညီတဲ့ အမြင်တွေအပေါ်ယုံကြည်စေမှုနဲ့ အဖွဲ့အစည်းများနဲ့ အပြန်လှန် ညှိနှိုင်းမှုများအရ အငြင်းပွားဖွယ်ဖြစ်စေပါတယ်။ သို့ကြောင့် အခြေခံအာမခံထားတဲ့ လုပ်ဆောင်ထားတဲ့ အခွင့်အရေးများအတိုင်းပြည်သူအများစုရဲ့ လိုအပ်မှုရလာဒ်ကို ထုတ်ပြန်ကြေငြာခြင်းရည်ရွယ်ချက်ဖြစ်ပါတယ်။

ပွင့်လင်းမြင်သာမှု။ ။ လူထုအားလုံးနှင့် ကတလန်လူ့အဖွဲ့အစည်းမှာရှိတဲ့ သတင်းအချက်အလက်နဲ့ အသိပညာများကို လူ့အခွင့်အရအစီအစဉ်များအရ အသုံးပြုလုပ်ဆောင်ခြင်းနနှင့် အားလုံးကို အစီအစဉ်တွေမှာ ပါဝင်ပတ်သက်ခွင်ရရှိခြင်း။

ဆွေးနွေးမှု။ ။ ကတလိုနီယားမှာ စပိန်အစိုးရ၊ ဥရောပအဖွဲ့အစည်းများနဲ့ နိုင်ငံတကာ အဖွဲ့အစည်းများနှင့်ပါ နိုင်ငံရေးအရ စေ့စပ်ဆွေးနွေး မှုများ ရရှိခြင်း။

လူ့အဖွဲ့အစည်း။ ။ ကတလိုနီးယားလူ့အဖွဲ့အစည်းနဲ့ နယ်ပယ်အဖွဲ့ အစည်းတွေအပေါ် အာမခံချက်ရှိခြင်း၊ အထူးသဖြင့်လောလောဆယ် အရေတွက်အသာနဲ့ကတ်တလန်အဖွဲ့အစည်းတွေကတောင်းဆိုထားတဲ့ လိုအပ်မှုတွေနဲ့ ညီညွတ်တဲ့လူ့အဖွဲ့အစည်းတွေကို ဆက်လက်ရှင်သန်စေရေးများပါဝင်သည်။

ဥရောပဝါဒ။ ။ တွေ့ရှိထားတဲ့ အခြေခံဥရောပအဖွဲ့အစည်းကို ကာကွယ်ရေးနဲ့ တိုးမြှင့်ရေး။ အထူးသဖြင့် အခြေခံနိုင်ငံသားအခွင့်အရေး၊ ဒီမိုကရေစီနည်း၊ ပြည်နယ်အကျိုးစီးပွါးများ ကတိထားမှု၊ တခြား ဥရောပနိုင်ငံများနှင့် ပူးပေါင်းမှု၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု တိုးတက်းဆောင်ရွက်ရေးများဖြစ်သည်။

တရားဝင်မှု။ ။ အားလုံးသော တရားဝင်ရှိနေတဲ့ အောက်ခံဖွဲ့စည်းမှုဘောင်တွေဟာ ဒီမိုကရေစီအင်အားနဲ့ လက်ရှိလူ့အခွင့်အရေးလုပ်ဆောင်မှုများ အတွက် အသုံးဝင်စေရမည်။

ပါလီမန်အခန်းကဏ္ဍ။ ။ ကတ်တလန်ပြည်သူများကိုစားဖွဲ့စည်းထားတဲ့ ကတ်တလန်ပါလီမန်ဟာ သူတို့ရဲ့ အခန်းကဏ္ဍများကို ဦးဆောင်စေခြင်း၊ ၎င်းအပြင် တရာဝန်ခံထားတဲ့ အခြေခံ နိုင်ငံယန္တရား နဲ့ပညာစွမ်းအားတွေကို လိုအပ်သလိုအထူးလုပ်ဆောင်ပေးရန် ဖြစ်သည်။

ပါဝင်ဆောင်ရွက်မှု။ ။ ပါလီမန်အစိုးရနဲ့ Generalitat အစိုးရဟာ ဒေသခံမူအဆင့်ဖြစ်တဲ့ အများဆုံးနိုင်ငံရေးအဖွဲ့အစည်းတွေ၊ စီးပွားရေးနဲ့ လူ့အဖွဲ့စည်း၊ နိုင်ငံရဲ့ ယဉ်ကျေးမှုနဲ့ ဖွဲ့စည်းထားတိုင်နိုင်ငံအဖွဲ့အစည်းတွေမှာနဲ့ အထူးသဖြင့်နိုင်ငံယန္တရား အထူးလည်ပတ်နိုင်မှုတွေမှာ တက်တက်ကြွကြွပါဝင်နိုင်ရမည်။

ပါလီမန်အစိုးရကလည်း နိုင်ငံသားအားလုံးကို ဒီမိုကရေစီနည်းကျတဲ့ ကတလန်ပြည်သူတိုင်းရရှိသင့်တဲ့ အခွင့်အရေးတိုင်းကို ပါဝင်လုပ်ဆောင်ဖို့ တိုက်တွန်းထားပါတယ်။

ပါလီမန်၊ ၂၂ ဇန်နဂါရီ ၊ ၂၀၁၃။